# မြေသြဇာဥပဒေကိုပြင်ဆင်သည့် ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅ ။)

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်

( ၂၀၁၅ ခုနှစ်၊ မတ်လ ၂၃ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြေသြဇာဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ (က) မြေသြဇာဥပဒေတွင်ပါရှိသော "မန်နေဂျာ" ဆိုသည့် စကားရပ်ကို "ဦးစီးမှူး" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ခ) မြေသြဇာဥပဒေတွင်ပါရှိသော "စစ်ဆေးရေးမှူး" ဆိုသည့် စကားရပ်ကို "စစ်ဆေးရေး အဖွဲ့" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဂ) မြေသြဇာဥပဒေတွင်ပါရှိသော "မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း" ဆိုသည့် စကားရပ်ကို "စိုက်ပျိုးရေးဦးစီးဌာန" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဃ) ပုဒ်မ ၄၊ ပုဒ်မခွဲ (က) တွင်ပါရှိသော "ဦးဆောင်ညွှန်ကြားရေးမှူး" ဆိုသည့် စကားရပ်ကို "ညွှန်ကြားရေးမှူးချုပ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြေသြဇာဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(င) **စံချိန်စံညွှန်း** ဆိုသည်မှာ သက်ဆိုင်ရာမြေသြဇာတွင် ပါဝင်ရမည့် အပင် အာဟာရဓာတ် သို့မဟုတ် အခြားလိုအပ်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ မြေသြဇာကော်မတီက သတ်မှတ်သော အနည်းဆုံး ပါဝင်ရမည့် အမျိုးအစား နှင့်အရည်အသွေးစံသတ်မှတ်ချက်ကို ဆိုသည်။"

(ခ) ပုဒ်မခွဲ (ဥ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဥ) **လိုင်စင်** ဆိုသည်မှာ မြေသြဇာကိုစီးပွားရေးအလို့ငှာ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုချက်ကိုဆိုသည်။"

(ဂ) ပုဒ်မခွဲ (ဏ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဏ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ပုဒ်မ ၂၂ အရ စိုက်ပျိုးရေးဦးစီးဌာနက တာဝန် ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသောအဖွဲ့ကိုဆိုသည်။"

၄။ မြေဩဇာဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"( ခ ) မြေဩဇာ၏ စံချိန်စံညွှန်းကိုသတ်မှတ်ခြင်း၊ စစ်ဆေးရေးအဖွဲ့က တင်ပြလာသော မြေဩဇာ နမူနာဓာတ်ခွဲစမ်းသပ်စစ်ဆေးချက်နှင့်စပ်လျဉ်း၍ မြေဩဇာစံချိန်စံညွှန်းနှင့် ညီ မညီ အဆုံးအဖြတ်ပေးခြင်း၊"

၅။ မြေဩဇာဥပဒေ ပုဒ်မ ၁၃ ၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) မြေဩဇာကို စီးပွားရေးအလို့ငှာ သိုလှောင်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် လုပ်ငန်း လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာနသို့ လျှောက်ထားရမည်။"

၆။ မြေဩဇာဥပဒေ ပုဒ်မ ၁၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၆။ မြေဩဇာလုပ်ငန်းလုပ်ကိုင်သူသည် မြေဩဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်းပေါ်တွင် အောက်ပါအချက်များကို ဖော်ပြရမည် -

(က) တင်သွင်း၊ ထုတ်လုပ်မှတ်ပုံတင်လက်မှတ်အမှတ်၊

( ခ ) အမှတ်တံဆိပ်၊

( ဂ ) မြေဩဇာ၏ အသားတင်အလေးချိန်၊

(ဃ) အရည်အသွေးအာမခံချက်၊

( င ) မြေဩဇာတွင် ပါဝင်သည့် အပင်အာဟာရဓာတ် ရာခိုင်နှုန်း၊

( စ ) ထုတ်လုပ်သည့်ကုမ္ပဏီ၊ လုပ်ငန်း၊ အသင်းအဖွဲ့အမည်၊ ထုတ်လုပ်ရာဒေသ၊ ထုတ်လုပ်သည့်ရက်စွဲနှင့်သက်တမ်းကုန်ဆုံးသည့် ရက်စွဲ၊ သိုလှောင်ထားရှိရမည့် နည်းစနစ်၊

(ဆ) မြန်မာဘာသာဖြင့် ဖော်ပြထားသော သုံးစွဲရန် အညွှန်းစာနှင့်သတိပြုရန် အချက်များ။"

၇။ မြေဩဇာဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၇။ လိုင်စင်ရရှိသူသည် ပုဒ်မ ၁၆ ပါအချက်များ ဖော်ပြထားသော မှတ်ပုံတင်လက်မှတ် ရရှိထားသည့် မြေဩဇာကိုသာ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းပြုရမည်။"

၈။ မြေဩဇာဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) မြေဩဇာသိုလှောင်ခြင်း လုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းကို ဆက်လက်လုပ်ကိုင် လိုလျှင် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာနသို့ လျှောက်ထားရမည်။"

၉။ မြေသြဇာဥပဒေ ပုဒ်မ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၂။ စိုက်ပျိုးရေးဦးစီးဌာနသည် ဤဥပဒေပါစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် -

(က) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြေအသုံးချရေး တာဝန်ခံ — အဖွဲ့ခေါင်းဆောင်

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူးက တာဝန်ပေးအပ်သော ဝန်ထမ်းနှစ်ဦး — အဖွဲ့ဝင်များ

(ခ) ခရိုင်အဆင့်စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်-

(၁) ခရိုင်မြေအသုံးချရေး တာဝန်ခံ — အဖွဲ့ခေါင်းဆောင်

(၂) ခရိုင်ဦးစီးမှူးက တာဝန်ပေးအပ်သော ဝန်ထမ်းနှစ်ဦး — အဖွဲ့ဝင်များ

(ဂ) မြို့နယ်အဆင့်စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်-

(၁) မြို့နယ်ဦးစီးမှူး — အဖွဲ့ခေါင်းဆောင်

(၂) မြို့နယ်ဦးစီးမှူးက တာဝန်ပေးအပ်သော ဝန်ထမ်းနှစ်ဦး — အဖွဲ့ဝင်များ"

၁၀။ မြေသြဇာဥပဒေ ပုဒ်မ ၂၃ တွင် -

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) မြေသြဇာကိုစံချိန်စံညွှန်းနှင့် ညီ မညီ စစ်ဆေးရန် မြေသြဇာနမူနာကို ရယူခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်တို့ကို မြေအသုံးချရေးဌာနခွဲသို့ ဆက်လက်တင်ပြခြင်း၊"

(ခ) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် မြေသြဇာကော်မတီသို့ တင်ပြခြင်း၊"

၁၁။ မြေသြဇာဥပဒေ ပုဒ်မ ၂၆ တွင်-

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) မြေသြဇာသိုလှောင်ခြင်းလုပ်ငန်းလိုင်စင်ရရှိသူက ပုဒ်မ ၁၅ ပါတာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊"

(ခ) ပုဒ်မခွဲ (ခ) ကို ပယ်ဖျက်ရမည်။

၁၂။ မြေသြဇာဥပဒေ ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) မြေသြဇာသိုလှောင်ခြင်းလုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာနက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ မြေသြဇာကော်မတီသို့ အယူခံနိုင်သည်။"

၁၃။ မြေသြဇာဥပဒေ ပုဒ်မ ၃၂ တွင်ပါရှိသော "ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၁၄။ မြေသြဇာဥပဒေ ပုဒ်မ ၃၆ တွင်ပါရှိသော "ထောင်ဒဏ် ၃ နှစ် အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၅၀၀၀၀ အထိဖြစ်စေ၊" ဆိုသည့် စကားရပ်ကို "ထောင်ဒဏ် သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀ သိန်း အထိဖြစ်စေ၊" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ မြေသြဇာဥပဒေ ပုဒ်မ ၃၇ တွင်ပါရှိသော "ထောင်ဒဏ် ၁ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊" ဆိုသည့် စကားရပ်ကို "ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ငါးသိန်းအထိ ဖြစ်စေ၊" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်